# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ■ သေဆုံးခဲ့သူ အရေအတွက် စုစုပေါင်း

| သေဆုံးရသူစုစုပေါင်း | |
|---|---|
| **၁,၀၄၄+** | |
| **ဦးခေါင်းပစ်ခတ်ခံရ၍ သေဆုံးခဲ့ရသူ** | **သေဆုံးသူအများဆုံး အသက်အုပ်စု** |
| **၁၁၆+** | **၁၈-၃၀** |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ ၁,၀၄၄ ဦးထက်မနည်း ရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။ ၁,၀၄၄ ဦးအနက် အချက်အလက်သိရသူ ၉၇၆ ဦးဖြစ်ပြီး၊ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ များစွာရှိနိုင်ပါသည်။ AAPP က ပြုစုထားသောစာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားသည်။ စစ်ကောင်စီ၏ မှတ်တမ်းများအရ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အထိ ဆန္ဒပြသူများဘက်တွင် သေဆုံးသူ ၂၅၀ ဦး ရှိခဲ့သည်ဟု ဆိုသည်။ ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးပြီး၊ ဒလန်ဟု စွပ်စွဲခံရ၍ သေဆုံးသူ ၁၇ ဦးရှိခဲ့သည်ဟု ထုတ်ပြန်ထားသည်။ ဇွန် ၁၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌လည်း အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၁၇၃ ဦးရှိသည်ဟု စစ်ကောင်စီက ပြောဆိုထားသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စက်တင်ဘာ ၃ ရက် ထုတ်ပြန်ချက်တွင်လည်း ၎င်းတို့ ပါတီဝင်များ၊ မိသားစုများနှင့် ပါတီထောက်ခံသူစုစုပေါင်း ၂၅၃ ဦး အသက်ခံခဲ့ရကြောင်း ထုတ်ပြန်ထားသည်။ ဩဂုတ် ၉ ရက်က ဖော်ပြခဲ့သော မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တရပ်တွင် ဇူလိုင်လအတွင်း အာဏာသိမ်းစစ်ကောင်စီမှ အရပ်သားများအပေါ် အကြမ်းဖက်မှု ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲများနှင့် ပဋိပက္ခများကြောင့် သေဆုံးသူ ပြည်သူစုစုပေါင်း ၁၉၉ ဦးထက်မနည်း ရှိခဲ့ကြောင်း ပြောဆိုထားသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

5 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ■ သေဆုံးခဲ့ရသော အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် အသက်အတိအကျသိရှိရသူ ၇၇၂ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးရသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် အတိအကျမသိရသူ ၂၇၂ ဦး ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

5 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်

**၁၁၆+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၄၄ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၁၆ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၅ ရက်အတွင်း သေဆုံးခဲ့ရသူ ၁,၀၁၉ ဦးကျော်အနက် ဦးခေါင်း ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၁၆ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၂ ကိုရှု)** ရှိခဲ့သည်။ သေဆုံးရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၇၃ ဦး ရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူ အရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်းသိရှိရသူ ၇၇၁ ဦးအနက် ၁၅ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများဖြစ်သည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

**သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၄၄ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၉၀၂ ဦးသည် အမျိုးသားများဖြစ်ပြီး ၇၄ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၆၈ ဦးမှာ အတိအကျ မသိရှိရပေ။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၅)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

**သေဆုံးခဲ့ရသော ဒေသများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၄၄ ဦး ကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါ သည်။ ယခု ကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။